**Frequently Asked Questions**
**Myanmar Version**

၁။ KBZ တွင် Prepaid Card အမျိုးအစား မည်မျှရှိပါသလဲ။
KBZ တွင် Visa Prepaid Card နှင့် Mastercard Prepaid Card နှစ်မျိုးရှိပါသည်။

၂။ KBZ Prepaid Card တစ်ကတ်တွင် ငွေကြေးအမျိုးအစား မည်မျှပါဝင်ပါသလဲ။
KBZ Prepaid Card တစ်ကတ်တွင် USD နှင့် MMK ငွေကြေးအမျိုးအစား နှစ်မျိုး ပါဝင်ပါသည်။

၃။ KBZ Prepaid Card ဖြင့် ငွေပေးချေမှုများပြုလုပ်ရာတွင် Default ငွေကြေးအမျိုးအစားမှာ အဘယ်နည်း။
KBZ Prepaid Card ဖြင့် ငွေပေးချေမှုများပြုလုပ်ရာတွင် Default ငွေကြေးအမျိုးအစားမှာ USD ဖြစ်ပါသည်။ (မည်သည့် ငွေပေးချေမှုမဆို USD ငွေကြေးအမျိုးအစားကို ပထမဦးစွာစစ်ဆေး၍ ငွေနှုတ်ယူမှုပြုလုပ်ပါသည်။)

၄။ KBZ Online Banking မှတစ်ဆင့် Prepaid Card အတွက် မည်သည့် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသနည်း။
KBZ online banking မှတစ်ဆင့် Prepaid Card အတွက် အောက်ပါဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်ပါသည်။

- Prepaid Card ငွေဖြည့်သွင်းခြင်း (မိမိကတ်နှင့် အခြား KBZ Prepaid Card)
- ကတ်အသုံးပြုမှု မှတ်တမ်း စစ်ဆေးခြင်း
- ကတ်အကောင့်ဆိုင်ရာ အချက်အလက်များ စစ်ဆေးခြင်း

၅။ KBZ online banking မှတစ်ဆင့် Prepaid Card ဝန်ဆောင်မှုများကို အသုံးပြုရန်အတွက် မည်သည့်အရာ များ လိုအပ်ပါသနည်း။
KBZ online banking မှတစ်ဆင့် KBZ Prepaid Card ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် မိမိကိုယ်ပိုင် KBZ Prepaid Card ကို KBZ online banking တွင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။

၆။ မိမိ၏ KBZ online banking အကောင့်တွင် အခြားသူတစ်ဦး၏ KBZ Prepaid Card ကို မှတ်ပုံတင်နိုင်ပါ သလား။
မရပါ။ မိမိကိုယ်ပိုင် KBZ Prepaid Card ကိုသာ မှတ်ပုံတင်နိုင်ပါသည်။

၇။ မိမိကိုယ်ပိုင် KBZ Prepaid Card ကို KBZ online banking တွင်ကတ်မှတ်ပုံတင်ရန် လိုအပ်ပါသလား။
KBZ Prepaid Card ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် မိမိကိုယ်ပိုင် KBZ Prepaid Card ကို မှတ်ပုံတင်ရန် လိုအပ်ပါသည်။

၈။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ကို မှတ်ပုံတင်ရာတွင် မည်သည့်ငွေကြေးအမျိုး အစားကို ရွေးချယ်သင့်ပါသနည်း။
USD ငွေကြေးအမျိုးအစားကိုသာ ရွေးချယ်ရပါမည်။

၉။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card သို့ 24/7 ငွေဖြည့်သွင်း နိုင်ပါသလား။

KBZ online banking မှတစ်ဆင့် KBZ Prepaid Card သို့ 24/7 ငွေဖြည့်သွင်း နိုင်ပါသည်။

၁၀။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card သို့ ငွေဖြည့်သွင်းခြင်းကို မိမိကိုယ်ပိုင် (မှတ်ပုံတင်ထား ပြီးဖြစ်သော) ကတ်အတွက်သာ ပြုလုပ်နိုင်ပါသလား။
မဟုတ်ပါ။ KBZ online banking မှတစ်ဆင့် မိမိကိုယ်ပိုင် KBZ Prepaid Card နှင့် အခြားသူတစ်ဦး၏ KBZ Prepaid Card နှစ်မျိုးစလုံးအတွက် ငွေဖြည့်သွင်းနိုင်ပါသည်။

၁၁။ ကျွန်ုပ်၏ KBZ online banking အကောင့်မှတစ်ဆင့် အခြားသူတစ်ဦး၏ KBZ Prepaid Card သို့ ငွေဖြည့် သွင်းနိုင်ပါသလား။
မိမိ၏ KBZ online banking အကောင့်မှတစ်ဆင့် အခြားသူတစ်ဦး၏ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၂။ KBZ online banking မှတစ်ဆင့် အခြားသူတစ်ဦး၏ KBZ Prepaid Card သို့ ငွေဖြည့်သွင်းရန် မည်သည့် အချက်အလက်များ လိုအပ်ပါသလဲ။
ငွေလက်ခံမည့်သူ၏ KBZ Prepaid Card နံပါတ် (၁၆) လုံး အပြည့်အစုံတစ်ခုတည်းသာ လိုအပ်ပါသည်။

၁၃။ KBZ online banking မှတစ်ဆင့် မည်သည့် ငွေကြေးအမျိုးအစားဖြင့် ငွေဖြည့်သွင်း နိုင်ပါသလဲ။
KBZ online banking မှတစ်ဆင့် မြန်မာကျပ် ငွေကြေးအမျိုးအစားဖြင့်သာ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၄။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ၏ USD wallet ထဲသို့ ငွေဖြည့်သွင်းနိုင်ပါသလား။
မရနိုင်ပါ။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ၏ MMK wallet ထဲသို့ မြန်မာကျပ်ငွေဖြင့်သာ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၅။ KBZ Prepaid Card ၏ USD wallet ထဲသို့ USD ငွေကြေးကို မည်သို့ ငွေဖြည့်သွင်း နိုင်ပါသနည်း။
KBZ Prepaid Card ၏ USD wallet ထဲသို့ USD ငွေကြေး ထည့်သွင်းခြင်းကို KBZ ဘဏ်ခွဲများတွင်သာ ပြုလုပ်နိုင်ပါသည်။ USD ငွေကြေး ထည့်သွင်းနိုင်သော နီးစပ်ရာ KBZ ဘဏ်ခွဲများအကြောင်း သိရှိလိုပါက KBZ Bank ၏ website [www.kbzbank.com](http://www.kbzbank.com) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၁၆။ KBZ online banking မှတစ်ဆင့် USD ဘဏ်စာရင်းတစ်ခုမှ KBZ Prepaid Card ၏ MMK wallet ထဲသို့ ငွေ ဖြည့်သွင်းခြင်းကို ပြုလုပ်နိုင်ပါသလား။
မရပါ။ KBZ Prepaid Card ၏ MMK wallet ထဲသို့ ငွေဖြည့်သွင်းရာတွင် မြန်မာကျပ်ငွေ ဘဏ်စာရင်း တစ်ဦးချင်းပိုင် (individual account) မှသာ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၇။ KBZ Prepaid Card ၏ MMK wallet ထဲသို့ ငွေဖြည့်သွင်းရာတွင် မြန်မာကျပ်ငွေ ဘဏ်စာရင်း တစ်မျိုး တည်းမှသာ ငွေဖြည့်သွင်းခြင်းကို ပြုလုပ်နိုင်ပါသလား။
ဟုတ်ပါတယ်။ KBZ Prepaid Card ၏ MMK wallet ထဲသို့ ငွေဖြည့်သွင်းရာတွင် မြန်မာကျပ်ငွေ ဘဏ်စာရင်း တစ်မျိုးတည်းမှသာ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၈။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းရာတွင် ပူးတွဲပိုင်ဆိုင်သော (joint account) မြန်မာကျပ်ငွေ ဘဏ်စာရင်းဖြင့် ငွေဖြည့်သွင်းခြင်းကို ပြုလုပ်နိုင်ပါသလား။
မပြုလုပ်နိုင်ပါ။ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းရာတွင် မြန်မာကျပ်ငွေ ဘဏ်စာရင်း (တစ်ဦးချင်းပိုင်) (individual account) မှသာ ငွေဖြည့်သွင်းနိုင်ပါသည်။

၁၉။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းနိုင်သည့် မြန်မာကျပ်ငွေ ဘဏ်စာရင်း အမျိုးအစားများမှာ အဘယ်နည်း။
KBZ online banking မှတစ်ဆင့် KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းနိုင်သော တစ်ဦးချင်းပိုင် (individual account) မြန်မာကျပ်ငွေ ဘဏ်စာရင်း အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- စာရင်းရှင် အပ်ငွေစာရင်း (Current Account - တစ်ဦးချင်းပိုင်)
- ငွေစုဘဏ် အပ်ငွေစာရင်း (Savings Account - တစ်ဦးချင်းပိုင်)
- ခေါ်ယူ အပ်ငွေစာရင်း (Call Account - တစ်ဦးချင်းပိုင်)

၂၀။ မိမိ၏ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းခြင်းအတွက် အခကြေးငွေ (သို့) ဝန်ဆောင်ခများ ကောက်ခံ ပါသလား။
မကောက်ခံပါ။ မိမိ၏ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းခြင်းအတွက် မည်သည့်အခကြေးငွေ (သို့) ဝန်ဆောင်ခများ ကောက်ခံခြင်းမရှိပါ။

၂၁။ အခြားသူတစ်ဦး၏ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းခြင်းအတွက် အခကြေးငွေ (သို့) ဝန်ဆောင်ခ မည်မျှ ကောက်ခံပါသနည်း။
မကောက်ခံပါ။ အခြားသူတစ်ဦး၏ KBZ Prepaid Card ထဲသို့ ငွေဖြည့်သွင်းခြင်းအတွက် မည်သည့်အခကြေးငွေ (သို့) ဝန်ဆောင်ခများ ကောက်ခံခြင်းမရှိပါ။

၂၂။ ငွေဖြည့်သွင်းမှုအတွက် တစ်ကြိမ်လျှင် ကန့်သတ်ပမာဏ မည်မျှဖြစ်သနည်း။
ငွေဖြည့်သွင်းမှုအတွက် တစ်ကြိမ်လျှင် အနည်းဆုံး ကျပ် ၂၀,၀၀၀ မှ အများဆုံး ကျပ် ၂၀,၀၀၀,၀၀၀ သိန်း အထိ ဖြည့်သွင်းနိုင်ပါသည်။

၂၃။ ငွေဖြည့်သွင်းမှုအတွက် နေ့စဥ် Transaction ကန့်သတ်ပမာဏ ရှိပါသလား။
မရှိပါ။ KBZ Prepaid Card MMK wallet ၏ အများဆုံးကန့်သတ်ပမာဏ ကျပ်၂၀,၀၀၀,၀၀၀ သိန်း ရောက်ရှိသည် အထိ အကြိမ်ကြိမ် ငွေဖြည့်သွင်းနိုင်ပါသည်။

၂၄။ KBZ online banking မှတစ်ဆင့် USD နှင့် MMK (wallet) ၏ လက်ကျန်ငွေများကို စစ်ဆေးနိုင်ပါသလား။
စစ်ဆေးနိုင်ပါသည်။ KBZ online banking မှတစ်ဆင့် USD နှင့် MMK (wallet) ၏ လက်ကျန်ငွေများကို စစ်ဆေး နိုင်ပါသည်။

၂၅။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ၏ ငွေပေးချေမှုမှတ်တမ်းနှင့် စာရင်းရှင်းတမ်း (Statement) ကို စစ်ဆေးနိုင်ပါသလား။
စစ်ဆေးနိုင်ပါသည်။ စာရင်းရှင်းတမ်းထုတ်ပေးသည့်ကာလအလိုက် ငွေပေးချေမှုမှတ်တမ်းများကို စစ်ဆေးခြင်းနှင့် ဒေါင်းလုဒ်ရယူခြင်းတို့ ပြုလုပ်နိုင်ပါသည်။
၂၆။ KBZ Prepaid Card ၏ စာရင်းရှင်းတမ်းထုတ်ဝေသည့်ရက်နှင့် စာရင်းရှင်းတမ်းကာလအပိုင်းအခြားမှာ မည်သို့ဖြစ်ပါသနည်း။

စာရင်းရှင်းတမ်းထုတ်သည့်ရက်မှာ လစဉ် ၁၇ ရက်နေ့ဖြစ်ပြီး၊ စာရင်းရှင်းတမ်း ကာလအပိုင်းအခြားမှာ ယခင်လ ၁၆ ရက်နေ့မှ လက်ရှိလ ၁၅ ရက်နေ့အထိ ဖြစ်ပါသည်။ (Transaction များကို စာရင်းရှင်းတမ်းကာလ အပိုင်းအခြား အပေါ်မူတည်၍ စာရင်းရှင်းတမ်းတွင် ထည့်သွင်းဖော်ပြပါမည်။)

၂၇။ KBZ online banking မှတစ်ဆင့် KBZ Prepaid Card ကို ယာယီပိတ်ထားနိုင်ပါသလား။
ရပါတယ်။ KBZ online banking မှတစ်ဆင့် မိမိ၏ KBZ Prepaid Card ကို ယာယီပိတ်ထားနိုင်ပါသည်။

၂၈။ KBZ online banking မှတစ်ဆင့် ယာယီပိတ်ထားခဲ့သော KBZ Prepaid Card ကို မိမိကိုယ်တိုင် ပြန်လည် ဖွင့်လှစ် (Unlock) ပြုလုပ်နိုင်ပါသလား။
မရပါ။ KBZ online banking မှတစ်ဆင့် ယာယီပိတ်ထားခဲ့သော KBZ Prepaid Card ကို ပြန်လည်ဖွင့်လှစ်လိုပါက နီးစပ်ရာ KBZ ဘဏ်ခွဲသို့ သွားရောက်၍ ပြန်လည်ဖွင့်လှစ် (Unlock) ပြုလုပ်နိုင်ပါသည်။

၂၉။ KBZ online banking မှတစ်ဆင့် ကတ် PIN (ပြန်လည်သတ်မှတ်ခြင်း) ကိုတောင်းခံနိုင်ပါသလား။
မရပါ။ KBZ online banking မှတစ်ဆင့် ကတ် PIN (ပြန်လည်သတ်မှတ်ခြင်း) ကို လုပ်ဆောင်၍မရပါ။

၃၀။ ကတ်၏ PIN နံပါတ်ကို မေ့သွားပါက မည်သို့ ပြန်လည်သတ်မှတ်နိုင်ပါသလဲ။
အဆင့် ၁ - ကတ်၏ PIN နံပါတ်ကို ပြန်လည်သတ်မှတ်ရန် နီးစပ်ရာ KBZ ဘဏ်ခွဲသို့ သွားရောက်ပါ။
အဆင့် ၂ - နီးစပ်ရာ KBZ ATM စက်တွင် ကတ်၏ PIN နံပါတ်ကို ပြောင်းလဲသတ်မှတ်ပါ။